**ကချင်ဖီးမင်နစ်ပူးပေါင်းဆောင်ရွက်သူများသည် စစ်ကောင်မရှင်ကျင်းပမည့် အတုအယောင်ရွေးကောက်ပွဲကို လုံးဝကန့်ကွက်ဆန့်ကျင်ကြောင်း သဘောထားထုတ်ပြန်ချက်။**

**ရက်စွဲ - ၁၈ ရက်၊ နိုဝင်ဘာလ၊ ၂၀၂၅ ခုနှစ်။**

ကျွန်မတို့ ကချင်ဖီးမင်နစ်ပူးပေါင်းဆောင်ရွက်သူများ **(Kachin Feminist Initiatives)** သည် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် - State Security and Peace Commission မှ စီစဉ်သော ၂၀၂၅ အတုအယောင် ရွေးကောက်ပွဲကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပါသည်။ ဤရွေးကောက်ပွဲသည် စစ်တပ်အာဏာရှင်ကို တရားဝင် အစိုးရအဖြစ် သက်သေပြရန် ရည်ရွယ်သည့် စစ်ရေးမူဝါဒတစ်ခုဖြစ်ပြီး လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပါဝင်ခွင့် ရှိမှုတို့ လုံးဝမရှိသော အတုယောင် ရွေးကောက်ပွဲ တခုသာဖြစ်သည်။

နှစ်ပေါင်း (၇၀) ကျော် တိုင်းရင်းသားလူမျိုးစုတို့ကို နည်းမျိုးစုံဖြင့် သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ မတရား ဖမ်းဆီးခြင်း၊ တိုင်းရင်းသားအမျိုးသမီးများကို စစ်ဗျူဟာကျကျ အဓမ္မပြုကျင့်ခြင်း၊ သတ်ဖြတ်ကျူးလွန်မှုများမှ အပြစ်ကင်းလွတ်ခွင့်ရနေစေမည့် ရွေးကောက်ပွဲလည်းဖြစ်သည်။

ထို့အပြင် ဤရွေးကောက်ပွဲသည် နောင်တွင်ပေါ်ပေါက်လာမည့် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဆွေးနွေးမှု ဖြစ်စဉ်ကို ပိုမိုဝေကွားသွာစေနိုင်သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများ ယခုထက်ပြင် ပိုမိုဆိုးရွားလာစေ နိုင်ကြောင်းကို အောက်ပါအချက်များအားဖြင့် မီးမှောင်းထိုးပြနေသည်။

ဤရွေးကောက်ပွဲသည် ဒီမိုကရေစီအခြေခံကျသော အချက်များကို ချိုးဖောက်နေသည်—

- နိုင်ငံရေးအကျဉ်းသားများကို မတရားသဖြင့် ဖမ်းဆီးထားဆဲဖြစ်သည်။
- တိုင်းရင်းသားပြည်နယ်၊ နယ်မြေများတွင် အရပ်သားပြည်သူများအား ရန်သူသဖွယ် ပစ်မှတ်ထားကာ နေ့စဉ် လေကြောင်းတိုက်ခိုက်မှုများနှင့် စစ်ရေးဖိအား ပေးမှုများ လုပ်ဆောင်နေသည်။
- ရွေးကောက်ပွဲဆိုင်ရာနှင့်စပ်လျဉ်း၍ ဆန့်ကျင်သည့် အမြင်သဘောထားများ ထုတ်ဖော်၊ ပြောဆိုသူများ၊ တစုံတရာ ရေးသားမှတ်ချက်ပြုသူများကို စစ်ဆေးဖမ်းဆီးခြင်းများ၊ မတရား ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်ကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို နည်းမျိုးစုံဖြင့် ပိတ်ပင်တားဆီးနေသည်။
- မြန်မာပြည်သူများသည် ရက်စက်စွာ စစ်ရေးအကြမ်းဖက်ခံရမှုများ၊ နေရပ်စွန့်ခွာရမှုများနှင့် စနစ်တကျဖိနှိပ်၊ နှိပ်စက်မှု၊ သတ်ဖြတ်မှုများကို ရင်ဆိုင်ခံစားနေရသည်။

စစ်ကော်မရှင်ကျင်းပမည့် အတုအယောင်ရွေးကောက်ပွဲသည် တနိုင်ငံလုံးကို လွှမ်းခြုံကျင်းပနိုင်ခြင်း မရှိသည့် အပြင်၊ အဆိုပါ အတုအယောင်ရွေးကောက်ပွဲသည် အမျိုးသမီးများအပေါ် ဖိနှိပ်ချုပ်ချယ်မှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှုများအား လက်နက်သဖွယ် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေခြင်းအခွင့်ကို ဆက်လက်ရရှိသွားစေမည်ဖြစ်သည်။ သို့ဖြစ်ပါ သောကြောင့် ကချင်ဖီးမီနစ်ပူးပေါင်း ဆောင်ရွက် သူများတို့သည် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းထံသို့ ဤအတုအယောင် ရွေးကောက်ပွဲကို အပြည့်အဝဆန့်ကျင်ကန့်ကွက်ရန်နှင့် မြန်မာပြည်သူများနှင့် အတူ ရပ်တည်ရန် တောင်းဆို ပါသည်။

## နိုင်ငံတကာများသို့ တောင်းဆိုချက်များ

အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး (ICC) ရှေ့နေက မြန်မာစစ်ခေါင်းဆောင်ကို ရိုဟင်ဂျာများအား နိုင်ငံတွင်းမှ အဓမ္မနှင်ထုတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ဖိနှိပ်ညှဉ်းပန်းမှုဆိုင်ရာ ရာဇဝတ်မှုများအတွက် ဖမ်းဝရမ်းထုတ်ရန် စွဲချက်တင် လျှောက်ထားချိန်တွင် ယခုရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူအဖြစ်သော် လည်းကောင်း၊ ထောက်ခံပေး ခြင်းသော်လည်းကောင်း ပါဝင်ခြင်းသည် ယင်းတို့နှင့်ကြံရာပါ ဖြစ်စေမည် ဖြစ်သည်။

၁။ နိုင်ငံတကာမှ တရားဝင်အစိုးရ အဖြစ်အသိအမှတ်ပြုလာစေရန် ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သော လူသတ်စစ်ကော်မရှင် (SSPC) ၏ အတုအယောင် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာသူ အနေဖြင့် ပါဝင်မည့်အစား အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ လူမျိုးစုတော်လှန်ရေးအဖွဲ့များ (EROs) နှင့် တိုက်ရိုက် ဆက်သွယ်လုပ်ဆောင်ရန်။

၂။ စစ်ကော်မရှင်ကို အပြစ်ကင်းလွတ်ခွင့်ရရှိနေစေသည့် သံတမန်ဆက်ဆံမှု၊ ကုန်သွယ်မှု၊ ထောက်ခံအားပေးမှုများကို ရပ်တန့်ပြီး လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ၊ လူမျိုးနွယ်စု ရှင်းလင်းရေးနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် တရားမျှတမှုရရှိစေရန် ထောက်ပံ့ပေးသော လုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ပေးရန်။

ဆက်သွယ်ရန်

ဆိုင်းမိုင် - +၉၅ ၉၇၅၅၂၁၄၆၀၁ (Signal Number)

ဆန်ထွယ် - +၆၆ ၆၄၁၉၅ ၆၇၂၁ (Signal Number)